NATIONAL DEMOCRATIC FRONT
★★★(BURMA)★★★
P.O. Box – (101), Mae sod, Tak. 63110, Tel / Fax (+ 66) 55 536 757, Email: ndfburma@hotmail.com. Blog: ndf-burma.bolgspot.com

# ကေအိုင်အေ ကချင်လွတ်လပ်ရေးတပ်မတော်ရဲ့ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂမ်ရှောင်
# နှင့်
# ဆက်သွယ်မေးမြန်းခန်း အစီအစဉ်

BBC. သတင်းဌာန
ရက်စွဲ။ ။ ၂၄၊ ၀၂၊ ၂၀၁၀၊ ဗုဒ္ဓဟူးနေ့ ညနေပိုင်းအစီအစဉ်



ကိုမိုးမြင့်။ ။ ကေအိုင်အို ဘက်နေပြီးတော့ မြန်မာနအဖအစိုးရနဲ့ပြီးခဲ့တဲ့ ၁၆ နှစ်တာကာလ ဒီငြိမ်းချမ်းရေးယူခဲ့စဉ်အတွင်း ကေအိုင်အို မျှော်မှန်းခဲ့သလိုမျိုး ဖြစ်ခဲ့ပါသလားခင်ဗျား၊ ဒီကချင်တွေအတွက်ရော အောင်မြင်မှုရခဲ့ပါသလား။

ဂမ်ရှောင်။ ။အင်း ရှင်းရှင်းပြောရမယ်ဆိုရင်တော့မရဘူး၊ ဘာမှမရပါဘူး၊ ပြီးတော့မှ (confidently) ဒီယုံကြည်မှုတည်ဆောက်ကြ တာကလည်း ဒါကလည်းမဖြစ်ဘူး။ ပိုပြီးမှတောင်မှ သံသယရှိလာကြသလိုပဲ။ အဲဒီတော့ ဆက်ဆံရေးမှာလည်း အဆင်ပြေမှုမရှိသလိုပဲ ခံစားရတာပဲလေ။ ၁၉၉၄–ခုနှစ် အပစ်ရပ်သဘောတူစာချုပ်ထဲမှာ ပါတဲ့ဟာကတမျိုး သူတို့တပ်ကိုပေးထားတဲ့ဟာက ဒီ ၁၃ ချက် ဆိုတဲ့ဟာလည်းရှိတယ်။ ပြီးတော့မှ ကျနော်တို့ ဒီ ဥပဒေဘောင်အတွင်းဝင်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ လိုက်နာရမဲ့စည်းကမ်းချက် ၁၀ ချက်ဆိုတာလည်းရှိတယ်။ အဲဒါကလည်း ကျနော်တို့နဲ့ဘာမှတိုင်ပင်ထား၊ ကျနော်တို့ သဘောတူထားတာ လည်းမဟုတ်ဘူး။ သူတို့သဘော တစ်ဘက်သတ်ပေါ့လေ စည်းကမ်းချပြီးမှ ကျနော်တို့ကိုကိုင်တဲ့ ဒီချုပ်တဲ့သဘောမျိုးဖြစ်နေတယ်။

ကိုမိုးမြင့်။ ။ ဒီ ကိုင်တယ်ချုပ်တယ်ဆိုတဲ့ စည်းကမ်းချက်တွေအကြောင်းကို ကျနော်တို့မသွားခင်တုန်းလေ ၁၉၉၄ တုန်းက မြန်မာအစိုးရနဲ့ ငြိမ်းချမ်းရေး သဘောတူခဲ့တုန်းက ဘယ်အချက်တွေအပေါ်မှာ အဓိကသဘောတူခဲ့သလဲဆိုတဲ့ သမိုင်းကြောင်းကိုလည်း နည်းနည်း ပြန်ပြောပြပါဦးခင်ဗျား။

ဂမ်ရှောင်။ ။ ကျနော်တို့အဖွဲ့အစည်းလည်း အပစ်ရပ်မယ်။ အပစ်ရပ်ပြီးမှ ဒီနိုင်ငံရေးနဲ့သွားနိုင်အောင် တခြားအပစ်မရပ်သေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း တပြည်လုံးအတိုင်းအတာဆောင်တဲ့ အပစ်အခတ်ရပ်ဆိုင်းရေး ဖြစ်သွားအောင် ကျွန်တော်တို့ ကြိုးပမ်းမယ်ဆိုတဲ့ဟာတွေပါတယ်။ ပြီးတော့မှ တပ်တစ်တပ်နဲ့တစ်တပ် တပ်နေရာချထားရေးဆိုမှ လုပ်ထားတဲ့ဟာတွေရှိတယ်။ ဒါပေမဲ့ အဲဒီတပ်နေရာချထားရေးဆိုတဲ့ဟာတွေက လူထုကလည်း ဥပမာ ဒီတိုက်ကြခိုက်ကြတဲ့အချိန်မှာ တောင်ပေါ်မှာ၊ တောမှာနေတယ်။ ဒါပေမဲ့ အေးအေးချမ်းချမ်းဖြစ်လာပြီဆိုရင်တော့ လမ်းမဘက်ထွက်ပြီးမှ ရွာသစ်တွေတည်လာတယ် ဖြစ်လာတဲ့အခါ ကျနော်တို့ကလည်း ဒီဖွံ့ဖြိုးရေးကို ဦးဆောင်ရတော့မယ်၊ ဦးဆောင်ရတော့မယ်ဆိုတော့ ဒီတပ်နေရာချထားရေးကလည်း နည်းနည်းရွှေ့လာတာတွေရှိတာပေါ့၊ အဲဒီအပေါ်မှာတောင်မှ သူတို့လက်ခံနိုင်တာမဟုတ်ဘူး။

ကိုမိုးမြင့်။ ။ မြန်မာနအဖအစိုးရနဲ့ ခုလိုမျိုး သဘောထားကွဲလွဲတာ ဒီသဘောထားကွဲတယ်ဆိုတာထက် စောစောကပြောခဲ့တဲ့ စာချုပ်ထဲမှာ မပါတဲ့အချက်တွေနဲ့ ကိုင်ဖို့လုပ်နေတယ်ဆိုတာ ဘယ်အချက်တွေပါလဲခင်ဗျား။

ဂမ်ရှောင်။ ။ ဥပမာ ကျနော်တို့ကို ဒီ တပ်သားသစ်မစုဆောင်းရဘူးဆိုတဲ့ဟာ ဒီ သဘောတူစာချုပ်ထဲမှာမပါဘူး။ ဥပမာ တပ်သစ်မတိုးချဲ့ရဘူး၊ စစ်အင်းအားမတိုးချဲ့ရဘူး၊ လက်နက်အင်းအားမတိုးချဲ့ရဘူး၊ ဆိုတဲ့ဟာတွေ တစ်ခုမှမပါဘူး။ ပြောရမယ်ဆိုရင်တောအများကြီးပါ။ ကျနော်တို့အနေနဲ့လည်း ဒါကိုဘာမှ သဘောတူထားတဲ့ဟာ ညှိနှိုင်းထားတဲ့ဟာ မရှိတဲ့အခါကျတော့ ကျနော်တို့ကလည်း လိုက်နာလို့မဖြစ်ဘူး။

ကိုမိုးမြင့်။ ။ ဒါကတော့ ဒီတင်းကြပ်တယ်ဆိုတဲ့ စည်းကမ်းချက်အပိုင်းပေါ့လေ။ နောက်တခုကတော့ ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီးတော့ ကော ပြီးခဲ့တဲ့ ၁၆ နှစ်အတွင်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် ကေအိုင်အိုအနေနဲ့ ဘာတွေလုပ်နိုင်ခဲ့ပါသလဲ၊ ဘာတွေမလုပ်နိုင်ခဲ့ဘူးလဲဆိုတာ တွေကို ပြောပါဦးခင်ဗျား။

ဂမ်ရှောင်။ ။ ဒီဖွံ့ဖြိုးရေးအပိုင်းမှာကျတော့ ကျနော်တို့လုပ်ချင်တဲ့အပိုင်းမှာ တချို့ကတော့မလုပ်ရဘူး။ ဒါပေမဲ့ တချို့ကျတော့ လုပ်လို့ဖြစ်တဲ့ ဟာတွေ ဖြစ်သွားတယ်။ ဥပမာ အခုမြစ်ကြီးနားကို ကျနော်တို့ပေးနေတဲ့ မလီးသဘာဝ ရေအားလျှပ်စစ်ပေါ့နော်၊ အဲဒါတွေက ကျနော်တို့ လုပ်ဖြစ်သွားတာတွေရှိတယ်။

ကိုမိုးမြင့်။ ။ နောက်တခုက ဒီကေအိုင်အိုအဖွဲ့အစည်းအပြင် ကချင်လူထုတွေရဲ့ အနေအထားကကော အရင်ကထက်စာရင် ပိုပြီးတော့ ကောင်းလာသလား၊ ပိုပြီးတော့ ချောင်လည်လာတဲ့ အနေအထားမျိုး တွေ့ရသလားခင်ဗျား။

ဂမ်ရှောင်။ ။ အဲဒါကတော့ ဒီသွားလာတဲ့နေရာမှာကျတော့ လမ်းပမ်းဆက်သွယ်ရေး ကောင်းလာတဲ့ဟာတွေရှိလာတော့ အဲဒီအပိုင်းကျ တော့ သွားလာနိုင်တယ်နော့်။ ဒါပေမဲ့ အရောင်းအဝယ်ကိစ္စတို့ဘာတို့ နေရာမှာကျတော့ သူတို့နဲ့အဆင်မပြေရင်တော့ အဆင်မပြေသလို လုပ်တဲ့အပိုင်းတွေရှိတဲ့အခါကျတော့ အဲဒီအပိုင်းကျတော့ မပြေလည်ကြပါဘူး။ လူထုကတော့ ဟိုဟာပေါ့ ကြပ်တည်းမြဲကြပ်တည်းဆိုတဲ့ အ ခြေအနေမှာပဲ များပါတယ်။

ကိုမိုးမြင့်။ ။ ဆိုတော့ အခုလိုမျိုး ကေအိုင်အိုအဖွဲ့အနေနဲ့ရော ကချင်လူထုအနေနဲ့ရော အခြေအနေတွေက သိပ်မကောင်းသေးဘူးလို့ပြော တော့ ဒီ ၁၆ နှစ်တာကာလကို ဗိုလ်ချုပ်တို့ဘယ်လိုပြန်သုံးသပ်ပါသလဲ။

ဂမ်ရှောင်။ ။ တချို့အပိုင်းဆိုရင်တော့ ကောင်းတဲ့အပိုင်းရှိမယ်။ တချို့အပိုင်းကတော့ မကောင်းဘူးပေါ့။ မကောင်းဘူးဆိုတာကတော့ နိုင်ငံ ရေးနည်းလမ်းနဲ့ ဖြေရှင်းရမဲ့ဟာက အခု ၁၀ နှစ်ကျော်လာရင်တော့ အနှစ်၂၀ နီးပါးရှိလာပြီ ဘာမှဖြေရှင်းလို့ မရသေးတဲ့အခါကျတော့ ဘယ်လိုများ ပြန်ဖြစ်လာမလဲဆိုပြီးမှ လူထုကလည်း စိတ်အနှောင့်အယှက် ဖြစ်တာပေါ့။

**ရက်စွဲ။ ။ ၂၅၊ ၀၂၊ ၂၀၁၀၊ ကြာသပတေးနေ့ ညနေပိုင်းအစီအစဉ်**
**ဗုဒ္ဓဟူးနေ့ ညနေပိုင်းအစီအစဉ်ရဲ့ အဆက်**

ကိုမိုးမြင့်။ ။ ဒီကျနော်တို့ အပစ်အခတ်ရပ်စဲရေး စာချုပ်အကြောင်းတို့ ဒီ နယ်ခြားစောင့် တပ်ဖွဲ့ဖို့ ဖိအားပေးခံနေရတဲ့အကြောင်းတွေ ပြောခဲ့သလိုပဲ ဒီ လောလောစဉ်အခြေအနေမှာ တကယ်လို့ပေါ့လေ နှစ်ဖက်နိုင်ငံရေးနည်းနဲ့ ဆွေးနွေးလို့မရနိုင်ဘူးဆိုရင် ဒီ ဒဲ့တိုးမေးရမယ် ဆိုရင်တော့ စစ်ဖြစ်လာနိုင်တဲ့ အနေအထားရှိလာခင်ဗျား။

ဂန်ရှောင်။ ။ ကျနော်တို့အနေနဲ့ တဖက်မှာ အဆုံးစွန်ထိ နိုင်ငံရေးလမ်းကြောင်းကနေ လျှောက်ဖို့ ကျနော်တို့ဆုံးဖြတ်ထားပြီးသား၊ အဲလိုလည်း လုပ်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒါပေ မဲ့ တဖက်မှာ ကိုးကန်းလိုမျိုး စစ်ရေးနည်းလမ်းနဲ့ မတရားဖိအားပေးလာမယ် မတရားစစ် ရေးနည်းလမ်းနဲ့ ဖြေရှင်းလာမယ်ဆိုရင်လည်း ဒါက ကျနော်တို့ ကိုယ့်ကို ကာကွယ်ဖို့အသင့် လုပ်ထားပါတယ်။

ကိုမိုးမြင့်။ ။ ဟုတ်ကဲ့ အသင့်ပြင်ဆင်ထားတယ်ဆိုတော့ ဘယ်လိုမျိုးပြင်ဆင်ထားတာပါလဲခင်ဗျား။

ဂန်ရှောင်။ ။ ကျနော်တို့ ကေအိုင်အိုက တခြားအဖွဲ့အစည်းတွေနဲ့ မတူတဲ့အပိုင်းတွေရှိတယ်။ ကချင်ပြည်နယ်ဆိုတဲ့ အဝိုင်းအဝန်းထဲမှာ ကျနော်တို့ နေရာတကာမှာ ဟိုဟာပေါ့ ပြောက်ကျားပုံစံမျိုးနဲ့ တပ်ဖြန့်ထားတာတွေရှိတယ်။ တခြားအဖွဲ့အစည်းကတော့ အဲလိုမဟုတ်ဘူး၊ အဲဒီတော့ ကချင်ပြည်နယ်တပြည်နယ်လုံးမှာ ဒါဖြစ်ကြမယ်ဆိုရင်တော့ နေရာတကာသေနတ်သံထွက်လာမှာပဲ၊ဗုံးသံထွက်လာမှာပဲ။ ကျနော် တို့ အရင်တုန်းကလည်း အဲလိုပဲတပ်ဖြန့်ပြီးမှ ဒီပြောက်ကျားစစ်နဲ့ အစိုးရကိုဖိအားပေးခဲ့တယ်။ အခုလည်း ဒီတိုင်းပဲဖြစ်မှာပဲ။ အဲဒီတော့ ပိုတောင်ဆိုးမယ် အခုက ကျနော်တို့ အရင်တုန်းကနဲ့မတူအောင် ပြင်ဆင်ထားတဲ့အပိုင်းတွေလည်းရှိတယ်။ အခုက ဒီမှာပြောလို့မဖြစ်လို့။

ကိုမိုးမြင့်။ ။ နောက်တခုက အေအိုင်အေ တပ်သားအင်အားအနေနဲ့ ဆိုရင်ကော ဘယ်လောက်ရှိလဲလို့ ပြောလို့ရရင်ပြောပါအုံးခင်ဗျား။

ဂန်ရှောင်။ ။ လူထုက ဒီ ကျောင်းသားလူငယ်ပိုင်းမှာလည်း ကိုင်လာမယ်၊ ပြီးတော့မှ ဒီ ဖြစ်ပြီလို့ဆိုရင်တော့ ဒီ လက်နက်ကိုင်ဖို့အသင့်ပဲ ပြန်ကိုင်မယ်ဆိုတဲ့ဟာတွေရှိတဲ့အခါကျတော့ အဲဒါဆိုရင်တော့ ဟိုဟာပေါ့ သောင်းနဲ့ချီတဲ့အင်အားတွေက သူ့အလိုအလျောက် ပေါ်လာတော့ မယ်လို့ထင်တယ်။ ပြီးတော့မှ ကျနော်တို့ဒီ လက်နက်ပိုင်းမှာလည်း မိုင်းတို့ဘာတို့ဆိုတာ ကျနော်တို့ အရင်တုန်းကနဲ့မတူတော့ဘူး။ အခု ကျနော်တို့ကိုင်တဲ့မိုင်းတွေက ဒါ အရင်တုန်းကထက်တော့ အဆင့်မြင့်ပြီပေါ့လေ။

ကိုမိုးမြင့်။ ။ မြန်မာစစ်တပ်နဲ့ဆိုရင် ဒီ အင်အားအတော်လေးကွာတော့ ဘယ်လိုလုပ်ပြီးတော့ တိုက်နိုင်မလဲခင်ဗျား။

ဂန်ရှောင်။ ။ ကျနော်တို့ guerrilla warfare ပေါ့ ။

ကိုမိုးမြင့်။ ။ ဒီ guerrilla warfare ပေါ့လေ ဒီ ပြောက်ကျားစနစ်ဆိုရာမှာ ဘယ်လိုပုံစံမျိုးနဲ့လဲ ပြောပါအုံးခင်ဗျား။

ဂန်ရှောင်။ ။ အခုကျနော်တို့ဆီမှာ ဒီ အမြဲတမ်း ယူနီဖောင်းနဲ့ လက်နက်ကိုင်ထားတဲ့အဖွဲ့ရှိတယ်၊ ပြီးတော့မှ လူထုထဲမှာ ဒီ ပြည်သူ့စစ်တွေရှိ တယ်၊ ပြီးတော့မှ ကျောင်းသားလူငယ်တွေထဲမှာ EDY ဆိုမှ ဒီ စစ်သင်တန်းပေးထားတဲ့ဟာတွေလည်းရှိတယ်။ ပြီးတော့မှ ကျနော်တို့အဖွဲ့ အစည်းထဲကနေ တပ်ကနေ အနားယူထွက်ထားတဲ့လူတွေကိုလည်း ဒါက အသက်မကြီးရင်တော့ သူတို့ကိုလည်း ဒီ စစ်မှုထမ်းဟောင်းပုံစံပေါ့ လေ။ သူတို့ကို တချို့ကိုဆိုရင်တော့ စည်းရုံးထားတယ်၊ တချို့ကိုဆိုရင်တော့ လက်နက်တပ်ဆင်ထားတဲ့ အပိုင်းတွေလည်းရှိတယ်။ အဲဒီလို သူ့နေရာ၊ သူ့ဒေသနဲ့၊ သူ့အခြေနေအရ တိုက်ပွဲဝင်သွားကြလိမ့်မယ်။

ကိုမိုးမြင့်။ ။ ဒါပေမဲ့ မြန်မာနအဖဖက်က စောစောကပြောခဲ့သလိုပေါ့နော် ဒီအင်အားကြီးတော့ အေအိုင်အေအနေနဲ့ ရှုံးနိုင်တဲ့အနေအထား မရှိဘူးလား။

ဂန်ရှောင်။ ။ ကျနော်တို့ဒါက အနှစ်သုံးလေးဆယ်တိုက်ခဲ့တာပဲ။ သူတို့ကလည်းမနိုင်ပါဘူး။ ကျနော်တို့ကို အပြုတ်မတိုက်နိုင်ပါဘူး။ ပြောက် ကျားစစ်ဆိုတာ ဘယ်သူကနိုင်ဖူးလို့လဲ။ အင်အားငယ်တဲ့ ပြောက်ကျားသူပုန်တွေကလည်း အစိုးရဆိုတဲ့လူတွေကို နိုင်အောင်မတိုက်နိုင်ဘူး ပေါ့။ သူတို့ကလည်းမနိုင်နိုင်၊ ကျနော်တို့ကလည်းမနိုင်နိုင်၊ သူတို့ကလည်းမရှုံး၊ ကျနော်တို့ကလည်းမရှုံးအခြေအနေမှာ နောက်ဆုံးကျနော် ဒါ နိုင်ငံရေးစားပွဲပေါ်မှာ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းရမှာပဲ။ အဲဒီတော့ အဲလိုနိုင်ငံရေးဖက် အခြေအနေဆိုက်လာအောင် ဒါက ကျနော်တို့ pressure ပေးတဲ့သဘောမျိုးဖြစ်သွားမှာပဲ။

ကိုမိုးမြင့်။ ။ နောက်သိချင်တာကတော့ တခြားလက်နက်ကိုင်တွေနဲ့ ကေအိုင်အေကြားမှာ ဒီ စစ်ရေးမဟာမိတ်တို့ပုံစံပေါ့လေ တယောက်ကို တိုက်ရင် တယောက်က ဝင်တိုက်မယ်ဆိုတဲ့ သဘောတူညီချက်ကော ရှိလာခင်ဗျား။

ဂန်ရှောင်။ ။ ကျနော်တို့ ဒီ လက်နက်ကိုင်တဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေကျတော့ ကျနော်တို့အချင်းချင်းကတော့ ဒါ ညီတယ်လို့ပြောရ မှာပဲ။ တွေ့ဆုံထိတွေ့မှု အဲဒါမျိုးလည်းရှိတယ်။ တဖွဲ့ဖွဲ့ကို စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းပြီဆိုရင်တော့ အားလုံးရဲကြံမှာက ဒီတိုင်းပဲဖြစ်မယ်။ ဆိုတော့ အားလုံးက တနည်းနည်းနဲ့ ကိုယ့်နေရာ၊ ကိုယ့်ဒေသ၊ ကိုယ့်ရဲ့အခြေအနေအရ လုပ်ကြဖို့ဆိုတာတော့ရှိတယ်။ တကယ်လို့ ဖြစ်လာ ရင်တော့ တပြည်လုံးအတိုင်းအတာနဲ့ ဒါ လက်နက်ကိုင်ပြီးမှ ဒါ ပြန်ချတဲ့အပိုင်းတော့ ရောက်လာမယ်လို့ထင်တယ်။

ကိုမိုးမြင့်။ ။ တကယ်လို့ ကချင်နဲ့ မြန်မာနအဖ တိုက်ပွဲဖြစ်မယ်ဆိုရင်ရော။ ဒီကချင်ဒေသသာကမပဲနဲ့ ဒီ ဒေသတွင်းမှာပါ ရိုက်ခတ်မှုတွေ ရှိလာမယ်လို့ထင်လားခင်ဗျား။

ဂန်ရှောင်။ ။ ဒါကတော့ဖြစ်လာမှာပဲ။ ဒါက ကျနော်တို့ကလည်း ဒီ ပြောက်ကျားနည်းနဲ့ပဲ တိုက်မယ်ဆိုရင်တော့ စစ်ကတော့ ကြာသွားလိမ့် မယ်။ ရှည်သွားလိမ့်မယ်။ အဲလိုဆိုရင်တော့ လူထုကတော့ အထိခိုက်ဆုံးဖြစ်ပါလိမ့်မယ်။ တရုတ်နဲ့နီးတဲ့လူတွေက တရုတ်ဖက်ကမ်းကို ပြေးကြလိမ့်မယ်။ ဘာလို့လဲဆိုတော့ ဥပမာ ဒီ ကိုးကန်းကိုတိုက်တုန်းက နှစ်ရက်၊သုံးရက်နဲ့တိုက်တာပဲရှိတယ်။ ဒါပေမဲ့ တရုတ်ကနိုင်ငံသား

ကလည်း သေတဲ့သူကသေတယ်၊ ထိခိုက်ဒဏ်ရာရတဲ့ဟာလည်းရတယ်။ ပြီးတော့မှ ဒီ refugee ပေါ့နော်၊ ဟိုဟာပေါ့ စစ်ပြေးဒုက္ခသည်တွေလည်း ဒါ ပြေးဝင်ပြီးမှ တရုတ်ပြည်မှာလည်း တာဝန်ပြည့်လာတာပဲ။

ကိုမိုးမြင့်။ ။ တရုတ်နိုင်ငံအကြောင်းပြောလို့ ဒီ တဆက်တည်းပဲ လက်ရှိတိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ပြဿနာအပေါ်မှာ တရုတ်နိုင်ငံက ဘယ်လောက်အရေးပါလဲခင်ဗျား။

ဂန်ရှောင်။ ။ ဟာ အရေးပါတာပေါ့၊ သူတို့က ဒီဗမာတပ်ကို ကယ်လိုက်တဲ့အပိုင်းတွေက ဒီ ကျနော်တို့အားလုံး အသိပဲလေနော်၊ ဒီ Security Council မှာ ဒါ ဗီဒိုအာဏာနဲ့ ကယ်ထားတဲ့ဟာတွေရှိတယ်။ ပြီးတော့မှ အခုကလည်း တရုတ်ပစ္စည်းတွေချည်းပဲ ကျနော်တို့နိုင်ငံကိုဝင်နေတာပဲ။ လက်နက်ကလည်း သူ့ဆီကပဲဝယ်တဲ့ဟာတွေ ရှိနေတဲ့အခါကျတော့ သူ့စကားလည်း တခြားအာဆီယံနိုင်ငံတို့အားလုံးထက်တော့ တရုတ်ရဲ့စကားက ပို့ပြီးတော့မှ နားထောင်ရမဲ့ အနေအထားရှိတယ်လို့ ကျနော်မြင်တယ်။ တရုတ်အစိုးရကလည်း လက်နက်နည်းလမ်းနဲ့မဖြေရှင်းကြနဲ့၊ ဒီ နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းပါဆိုတဲ့ပုံစံမျိုးနဲ့ ဒီ နယ်စပ်ဒေသမှာ သေနတ်သံမထွက်စေနဲ့ဆိုတဲ့ တားထားတဲ့ဟာတွေ၊ အကြံပေးချက်တွေရှိတော့ သူတို့ဒီ တရုတ်နိုင်ငံရဲ့စကားကို နားထောင်မယ်ဆိုရင်တော့ သူတို့နိုင်ငံရေးနဲ့ဆက်နိုင်သရွေ့ ဒါမှမဟုတ်ရင်တော့ ဟိုဟာပေါ့လေ၊ ဒီ ကိုးကန်းကိုလုပ်တဲ့ပုံစံမျိုးနဲ့ လုပ်လာရင်တော့ ဒါမပြောနိုင်ဘူးပေါ့နော်။

ကိုမိုးမြင့်။ ။ ကချင်ဖက်ကကော စတိုက်လာနိုင်တဲ့အနေအထားမျိုးရှိလာခင်ဗျား။

ဂန်ရှောင်။ ။ အဲဒါတော့ ကျနော်တို့မလုပ်ဘူး၊ ကျနော်တို့ဖက်ကနေ စပြီးတော့မတိုက်ဘူး။ သူတို့ကစတိုက်လာရင်တော့ ကျနော်တို့ကလည်း ဒါ ကျနော်တို့ကိုကျနော်တို့ ကာကွယ်ရမှာပဲ၊ ခုခံရမှာပဲ။

ကိုမိုးမြင့်။ ။ ဆိုတော့ ဒီ လောလောစဉ်မှာ စစ်ဖြစ်ဖို့ရာခိုင်နှုန်းက ဘယ်လောက်ရှိတယ်လို့ ခန့်မှန်းထားပါသလဲခင်ဗျား။

ဂန်ရှောင်။ ။ ငါးဆယ် ငါးဆယ်ရှိတယ်။

ကိုမိုးမြင့်။ ။ နောက်ဆုံးအနေနဲ့မေးရမယ်ဆိုရင်တော့ ဒီလိုမကြေမလည်ဖြစ်နေတဲ့အနေအထားက ဘယ်လောက်အချိန်အတွင်းမှာပေါ့နော် ဘယ်လိုပြေလည်နိုင်မယ်လို့ထင်လဲခင်ဗျား။ ဥပမာ ရွေးကောက်ပွဲအပြီး အစိုးရသစ်လက်ထက်မှာဆိုရင်ကော ပြေလည်နိုင်မဲ့ အလားအလာရှိလာခင်ဗျား။

ဂန်ရှောင်။ ။ ဒါကတော့ သူတို့ဆီးမှာ ဒီ နိုင်ငံရေးအရ ဖြေရှင်းချင်တဲ့စိတ်ဓါတ်ပေါ်လာမှပဲဖြစ်မယ်။ အေ နိုင်ငံရေးအရ မဖြေရှင်းရင်တော့ဝေး လက်နက်ကိုင်တိုင်းရင်းသားတွေမှသာ ဟိုဟာပေါ့ တအားအင်အားယေ်သွားလို့မဟုတ်ရင်တော့ ဒါကတွေ့ကြမှာပဲ သေချာတယ်။ ရွေးကောက်ပွဲပြီးလို့ ဟိုဟာ အစိုးရသစ်ဆိုရင်လည်း သူတို့ပဲကြိုးကိုင်မဲ့၊ စစ်ဦးစီးချုပ်ကပဲအုပ်ချုပ်မဲ့ သမ္မတတွေထက်နော်၊ ဟိုဟာပေါ့ကြီးတဲ့ရာထူးယူထားတဲ့ ပုံစံမျိုးဖြစ်လာတဲ့အခါကျတော့ နိုင်ငံရေးကို နိုင်ငံရေးအရဖြေရှင်းတဲ့လမ်းကြောင်း မရောက်မချင်းတော့ ဒါ မပြေလည်နိုင်ပါဘူး။

မှတ်ချက်။ ။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ) မှ ကူးပြုတာစာစီ၍ ပြန်လည် တင်ပြထားပါသည်။

### “တပ်ပေါင်းစုဖြင့် အောင်ပွဲခံရမည်”

ရက်စွဲ ။ ။ ၂၆ ရက် ဖေဖေါ်ဝါရီလ ၂၀၁၀ ခုနှစ်။